# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၁၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၆ - ၉ - ၂၀၁၁ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးထွန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဗန်းမော်-အအိုး-သပိတ်ကျင်း-မန္တလေးကားလမ်းမကြီးကို ပြုပြင်ထိန်းသိမ်း စီမံဆောင်ရွက်ပေးမည့် အစီအစဉ်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဝါးဘိုးတော-ကမမောင်းကားလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမိုးမြင့် ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနှင့် လော့လော့ကျေးရွာ ဆက်သွယ်သော (ကား/ရထား)**

**မြစ်ကူးတံတား (၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကလေး-ကလေးဝ-ရာကြီး-မုံရွာလမ်းမကြီး မိုးတွင်းကာလတွင် ကားကြီး၊ကားငယ် သွားလာနိုင်အောင် အစိုးရအနေဖြင့် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စုနယ်မြေ လေယာဉ်ပျံကွင်း ပတ်ဝန်းကျင်ရှိ ရော်ဘာခြံများကို မည်သည့်အစီအစဉ်ရှိ၍ သိမ်းရန်ကြိုးစားနေသည်ကို သိလိုပါကြောင်းနှင့် သိမ်းပါကခေတ်ကာလတန်ဘိုးနှင့် နစ်နာကြေးကို ခြံရှင်တို့အားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)၏ **ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စုနယ်မြေ(၁၈)၊ ဆိပ်ကလေးကျေးရွာတွင် လုံခြုံရေးအတွက် အရေးမကြီးဘဲ၊ မလိုအပ်ပါက သိမ်းဆည်းထားသော လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ကျေးရွာမြေကိုပြန်ပေးသင့်ကြောင်းနှင့် အရေးတကြီးသိမ်းဆည်းလိုလျှင် ခေတ်ကာလတန်ဘိုး နှင့် နစ်နာကြေးကို အသိမ်းခံထားရသော ပိုင်ရှင်များအားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ မသိရှိဘဲ အောက်ခြေ၌ အင်အားကြီးသူ အနိုင်ယူစတမ်း ဆောင်ရွက်မှုကြောင့် သိမ်းဆည်းခံရသော လယ်ယာမြေနှင့် လယ်လုပ်ပိုင်ခွင့် ဆုံးရှုံးနေသောတောင်သူလယ်သမားများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဘိုးဘွားစဉ်ဆက် မြေခွန်ပြေစာနှင့် စိုက်ပျိုးလုပ်ကိုင်ရင်း ဘဝရပ်တည် ရှင်သန်ခဲ့သော**

**တောင်သူလယ်သမားများ၏ လယ်ယာမြေများလုပ်ပိုင်ခွင့် ဆုံးရှုံးပြီး လူမှုစီးပွား နိမ့်ကျခဲ့ရသော နစ်နာမှုများအား ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံတော်အစိုးရ အနေဖြင့် ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းရေး နှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် တို့တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း နှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(ခ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

(ဂ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(ဃ) ဒေါက်တာဝင်းမြင့်အောင်၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(င) ဦးစခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(စ) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ဆ) ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ဇ) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(ဈ) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

(ည) ဦးမန်းအောင်တင်မြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(ဋ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

၇။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **သမဝါယမဝန်ကြီး ဌာနက စီမံခန့်ခွဲသော သမဝါယမအသင်းဥပဒေ(၁၉၉၂)အား လိုအပ်သော ပြင်ဆင်**

**ဖြည့်စွက်မှုများနှင့် ပြဌာန်းနိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရန်ရှိပါက ရှင်းလင်းဆွေးနွေးခြင်း။

၉။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆို ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၁၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။